ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၉) ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)တွင် ဖော်ပြလျက်ရှိသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေအကြောင်း သိကောင်းစရာ။ | ၂-၃ |
| ၂။ | သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်းခြင်း။ | ၄-၆ |
| ၃။ | ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်းဆိုင်ရာရန်ပုံငွေထိန်းသိမ်းကြီးကြပ်ရေး လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်းသည့်သတင်းစဉ်။ | ၇-၈ |
| ၄။ | ဥရောပသမဂ္ဂစားသုံးသူရေးရာအဖွဲ့က Meta ၏ ပြန်လည်ပြင်ဆင်လိုက်သော ငွေပေးချေမှုနည်းလမ်းသည် စားသုံးသူကာကွယ်ရေးဥပဒေများကိုချိုးဖောက်လျက်ရှိကြောင်းဖော်ပြခြင်း။ | ၉-၁၀ |
| ၅။ | ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ မိုဘိုင်းဖုန်းသုံးစွဲသူ (၁)သန်းကျော်ထံသို့ AIS (Advanced Info Service) နည်းစနစ်ကို အသုံးပြုပြီး SMS စာတိုများပေးပို့၍ လိမ်လည်မှုကျူးလွန်ခဲ့သည့်တရုတ်လူမျိုးကို ဖမ်းဆီးရမိခြင်း။ | ၁၁-၁၂ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)တွင် ဖော်ပြလျက်ရှိသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေအကြောင်း သိကောင်းစရာ

ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေ၊ ရုံးခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ၊ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ ပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ အခွန်စည်းကြပ်ကောက်ခံခြင်းအမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄/၂၀၂၅ ဖြင့်ပြဋ္ဌာန်းထားသော ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေနှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေအား ရည်ရွယ်ချက်(၅)ရပ်ဖြင့် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူအေးချမ်းသာယာရေးတို့ကို အထောက်အကူပြုစေရန်၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်နိုင်ရန်ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကို လွဲမှားစွာအသုံးပြုခြင်းမရှိစေရန်စသည်တို့အတွက် ရည်ရွယ်ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။

ဤဥပဒေအရ နိုင်ငံတော်တွင် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆောင်ရွက်မည့်ကုမ္ပဏီများ ပေါ်ပေါက်လာမည်ဖြစ်ပါသည်။ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆောင်ရွက်လိုသည့်ကုမ္ပဏီသည် ဤဥပဒေပုဒ်မ ၈၊ ၉၊ ၁၀၊ ၁၁ တို့ပါပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျှောက်ထားရမည်ဖြစ်သည်ကို တွေ့ရှိရပါသည်။

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းနှင့်မသက်ဆိုင်သော ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲအတွက် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းခန့်ထားလိုသူများအနေဖြင့် ၁၀ ဦးထက်ပိုသော

ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းခန့်အပ်မည်ဖြစ်ပါက ဤဥပဒေပုဒ်မ ၂၁၊ ၂၂ တို့နှင့်အညီ လျှောက်ထား၍ ခွင့်ပြုမိန့်ရယူရမည်ဖြစ်သည်ကို တွေ့ရှိရပါသည်။

လိုင်စင်ရရှိသူများ၏တာဝန်နှင့်အခွင့်အရေးများကို ဤဥပဒေပုဒ်မ ၁၆၊ ၁၈၊ ၂၀ တို့နှင့်အညီ လိုက်နာဆောင်ရွက်ရမည်ကို တွေ့ရှိရပါသည်။ လိုင်စင်ရရှိသူသည် နိုင်ငံခြားကုမ္ပဏီဖြစ်ပါက ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းခန့်ထားရာတွင် မြန်မာနိုင်ငံသားအနည်းဆုံး ၇၅ ရာခိုင်နှုန်းဖြင့် ခန့်ထားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းမပျောက်စေရေး ပုဒ်မ ၁၇ တွင် ရှင်းလင်းစွာပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။ လိုင်စင်ရရှိသူအနေဖြင့် လုပ်ငန်းလိုအပ်ချက်အရ လက်နက်ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းကိုင်ဆောင်မည်ဖြစ်ပါက ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် လက်နက်ဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပုဒ်မ ၂၀ တွင် ပြဋ္ဌာန်းထားပြီး ဗဟိုကော်မတီအနေဖြင့်ခွင့်ပြုချက်ပေးနိုင်ရန် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသို့ တင်ပြသဘောထားရယူရမည်ဖြစ်ကြောင်း ပုဒ်မ ၅(စ) တွင် ပြဋ္ဌာန်းထားသည်ကိုလည်း တွေ့ရှိရပါသည်။

ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲအတွက် ၁၀ ဦးထက်ပိုသော ပုဂ္ဂလိကလုံခြုံရေး ဝန်ထမ်းခန့်ထားသူသည် ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှခြောက်လအတွင်း သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမိန့်ဖြင့် လျှောက်ထားရမည်ဖြစ်ကြောင်း ပုဒ်မ ၅၀ တွင် ပြဋ္ဌာန်းထားပါသည်။ ဤဥပဒေပါ တားမြစ်ချက်များကို လိုက်နာခြင်းမပြုပါက ပုဒ်မ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆ တို့တွင် ပြဋ္ဌာန်းပါရှိသည့် ပြစ်မှုနှင့်ပြစ်ဒဏ်များအတိုင်း အရေးယူအပြစ်ပေးခံရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

## သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်းခြင်း

သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၇၂/၂၀၂၄ ဖြင့် ၂၈-၁၂-၂၀၂၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးဥပဒေသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရအရေးယူသည့်ပြစ်မှုများ၊ နိုင်ငံဖြတ်ကျော်ကျူးလွန်သည့်မှုခင်းများနှင့်သက်ဆိုင်သည့်ပြစ်မှုများ၊ ဤဥပဒေနှင့်သက်ဆိုင်သည်ဟုပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခါအားလျော်စွာသတ်မှတ်သည့်ပြစ်မှုများနှင့်သာ သက်ဆိုင်မည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၂ တွင် ပြဋ္ဌာန်းခဲ့ပါသည်။

သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးဥပဒေအရ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် ပုဒ်မ ၂ ပါပြစ်မှုများတွင် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာနကတည်ထောင်ထားသည့် သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးသို့ အပ်နှံရမည်ဖြစ်ပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီသည် သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးသို့ လာရောက်အပ်နှံသည့် သက်သေခံပစ္စည်းများတွင် ထိန်းသိမ်းရန်လွယ်ကူပြီး တန်ဖိုးနည်းသက်သေခံပစ္စည်းများကို သက်ဆိုင်ရာရဲစခန်းတွင်လည်းကောင်း၊ ဘဏ်လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများ၊ အဖိုးတန်စာတမ်းအမှတ်အသားများ၊ ရွှေ၊ ငွေ၊ ရတနာ နှင့် အဖိုးတန်ပစ္စည်းများကို သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်တွင်လည်းကောင်း၊ အစိုးရနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသို့ စာရင်းဇယားနှင့်အတူ လည်းကောင်း၊ မရွှေ့မပြောင်းနိုင်သောသက်သေခံပစ္စည်းများ သို့မဟုတ် သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသော သက်သေခံပစ္စည်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ

သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ခွင့်ပြုချက်ဖြင့် ပစ္စည်းထိန်းအားလည်းကောင်း၊ တိရစ္ဆာန်များကို သက်ဆိုင်ရာသက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ခွင့်ပြုချက်ဖြင့် ပစ္စည်းထိန်းအားလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောသက်သေခံပစ္စည်းများကို သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးတွင်လည်းကောင်း လွှဲပြောင်းထိန်းသိမ်းစေခြင်းတို့ကို ပြုနိုင်ပါသည်။

ထိန်းသိမ်းထားသည့် သို့မဟုတ် ဝရမ်းကပ်ထားသည့်သက်သေခံပစ္စည်းများ ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းရှိကြောင်း စစ်ဆေးတွေ့ရှိလျှင် သို့မဟုတ် သတင်းရရှိလျှင် သက်ဆိုင်ရာ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးကော်မတီက စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးစေရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

သက်သေခံပစ္စည်းများစီမံခန့်ခွဲခြင်းတွင် မြေနှင့်မရွှေ့မပြောင်းနိုင်သည့် သက်သေခံပစ္စည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း၊ မြေနှင့်မရွှေ့မပြောင်းနိုင်သောပစ္စည်းများမှအပ အခြားသက်သေခံပစ္စည်းများကို စီမံခန့်ခွဲခြင်း၊ သဘာဝအလျောက်တန်ဖိုးလျော့ကျ ပျက်စီးလွယ်သည့်သက်သေခံပစ္စည်းများကို စီမံခန့်ခွဲခြင်းတို့ ပါဝင်ပါသည်။ မြေနှင့်မရွှေ့မပြောင်းနိုင်သောပစ္စည်းများမှအပ အခြားသက်သေခံပစ္စည်းများစီမံခန့်ခွဲခြင်းကို အယူခံမှု သို့မဟုတ် ပြင်ဆင်မှု တင်သွင်းရမည့်ရက် ကျော်လွန်ပြီး တစ်နှစ်အတွင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ထို့ပြင် တရားရုံးမှ သက်သေခံပစ္စည်းများကို ဖျက်ဆီးရန်အမိန့်ချမှတ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ပြစ်မှုပြစ်ဒဏ်နှင့်စပ်လျဉ်း၍ သက်သေခံပစ္စည်းများထိန်းသိမ်းရန်တာဝန်ရှိသူ သို့မဟုတ် ပစ္စည်းထိန်း သို့မဟုတ် ခံဝန်ချုပ်ဖြင့်လက်ခံထားသူသည် သက်သေခံပစ္စည်းကို အခြားပစ္စည်းတစ်ခုခုဖြင့် လဲလှယ်ခြင်း၊ အတုပြုလုပ်အစားထိုးခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် ရောင်းချခြင်း၊ ဒေသဆိုင်ရာ ကော်မတီ၏စီမံထိန်းသိမ်းမှုအောက်ရှိသက်သေခံပစ္စည်းကို ခိုးယူခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊ အားပေး

ကူညီခြင်း၊ ပူးပေါင်းကြံစည်းခြင်းနှင့် အားထုတ်ခြင်းတို့ကို ပြုလုပ်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရမည် ဖြစ်ပါသည်။ အကယ်၍ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးဥပဒေကို ထပ်မံ ကျူးလွန်ပါက ယင်းပြစ်မှုအတွက်ပြဋ္ဌာန်းထားသော အမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်ခံရမည်ဖြစ်ပါသည်။ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲခြင်းဆောင်ရွက်သည့် တာဝန်ရှိသူများအနေဖြင့် ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်ဖြစ်သည်။

သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးဥပဒေသည် တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများနှင့်တရားရုံးများက ဤဥပဒေနှင့်သက်ဆိုင်သည့်ပြစ်မှုနှင့်စပ်လျဉ်း၍ စုံစမ်းထောက် လှမ်းမှုဖြစ်စေ၊ စုံစမ်းစစ်ဆေးမှုဖြစ်စေ၊ စစ်ဆေးစီရင်မှုဖြစ်စေ ဆောင်ရွက်ဆဲကာလအတွင်း သိမ်းဆည်း ထားသည့်သက်သေခံပစ္စည်းများ ဆုံးရှုံးမှုမရှိစေရေးနှင့် တန်ဖိုးယုတ်လျော့မှုမရှိစေရေးအတွက် စနစ်တကျ စီမံထိန်းသိမ်းနိုင်စေရန်၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူ့ပယောဂကြောင့်ဖြစ်စေ သက်သေခံ ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေးအတွက် သက်သေခံပစ္စည်းများကို စနစ်တကျ စီမံထိန်းသိမ်း နိုင်စေရန်၊ သဘာဝအလျောက်တန်ဖိုးလျော့ကျပျက်စီးလွယ်သည့်သက်သေခံပစ္စည်းများကို တရားရုံး၏ အမိန့်နှင့်အညီ စီမံခန့်ခွဲနိုင်စေရန်နှင့် နိုင်ငံဘဏ္ဍာသိမ်းအမိန့်ချမှတ်ထားသော သက်သေခံပစ္စည်း များကိုအလွဲသုံးစားမှုမဖြစ်စေဘဲ နိုင်ငံတော်၏ဘဏ္ဍာငွေတိုးပွားစေရေးအတွက် စနစ်တကျ စီမံခန့်ခွဲ နိုင်စေရန် ရည်ရွယ်၍ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေမူကြမ်းများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၉) ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်

## ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်းဆိုင်ရာရန်ပုံငွေထိန်းသိမ်းကြီးကြပ်ရေးလုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်းသည့်သတင်းစဉ်

စွမ်းအင်ဝန်ကြီးဌာနသည် The Oilfields Act, 1918 ပုဒ်မ ၁၄ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်းဆိုင်ရာရန်ပုံငွေထိန်းသိမ်းကြီးကြပ်ရေးလုပ်ထုံးလုပ်နည်းများကို ၂၀၂၅ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၀၁၆/၂၀၂၅ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါလုပ်ထုံးလုပ်နည်းများတွင် အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်၊ ရည်ရွယ်ချက်၊ ရန်ပုံငွေလျာထားစုဆောင်းခြင်း၊ ရန်ပုံငွေထိန်းသိမ်းခြင်းနှင့်သုံးစွဲခြင်း၊ ရန်ပုံငွေထိန်းသိမ်းကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ လုပ်ငန်းနှင့်စာရင်းစစ်ဆေးမှုခံယူခြင်းနှင့် အထွေထွေပြဋ္ဌာန်းချက်များဟူ၍ အခန်း ၇ ခန်းဖြင့် ထုတ်ပြန်ထားကြောင်း သိရှိရသည်။

ယင်းလုပ်ထုံးလုပ်နည်းပါရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထူးအားဖြင့် ကမ်းလွန်စီမံကိန်းများ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသုံးစွဲရန်အလို့ငှာ တူးဖော်တည်ဆောက်ထားသောရေနံတွင်းများ၊ ထုတ်လုပ်ရေးပစ္စည်းကိရိယာများ၊ စင်များ၊ အဆောက်အဦများနှင့် ပိုက်လိုင်းများစသည်တို့ကို လုပ်ငန်းမစတင်မီက တည်ရှိခဲ့သော မြေပြင်၊ ရေပြင်၊ ပင်လယ်ကြမ်းပြင် အခြေအနေအတိုင်း စီမံကိန်းလုပ်ငန်းများပြီးစီးပိတ်သိမ်းသည့်အခါလုပ်ငန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သောကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကသော်လည်းကောင်း၊ ယင်းကို အကြောင်းအမျိုးမျိုးဖြင့် ဆက်ခံသောကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများကသော်လည်းကောင်း မြန်မာနိုင်ငံ၏ ရေမြေသဘာဝပတ်ဝန်းကျင်များကို ထိခိုက်ပျက်စီးခြင်းမရှိစေရန် နိုင်ငံတကာရေနံလုပ်ငန်းဆိုင်ရာ ကျင့်ထုံးများနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်အဝဖြင့် နိုင်ငံတွင်းပြဋ္ဌာန်းထားသောဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဖျက်သိမ်းခြင်း နှင့် ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ထူထောင်ထားရှိသောရန်ပုံငွေကို ထိန်းသိမ်းခြင်း၊

ကြီးကြပ်ခြင်း၊ ထုတ်ယူသုံးစွဲခြင်းစသည့် ငွေကြေးစီမံမှုများကို စနစ်တကျ စီမံခန့်ခွဲနိုင်စေရန်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ရေနံလုပ်ငန်းဆောင်ရွက်သူသည် ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်းဆိုင်ရာရန်ပုံငွေကို ဝင်ငွေခွန်အလို့ငှာ ဝင်ငွေအဖြစ်သတ်မှတ်ခြင်း၊ စရိတ်နုတ်ပယ်ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ တည်ဆဲဝင်ငွေခွန်ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရှိရသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : စွမ်းအင်ဝန်ကြီးဌာန

## ဥရောပသမဂ္ဂ စားသုံးသူရေးရာအဖွဲ့က Meta ၏ ပြန်လည်ပြင်ဆင်လိုက်သော ငွေပေးချေမှုနည်းလမ်းသည် စားသုံးသူကာကွယ်ရေးဥပဒေများကို ချိုးဖောက်လျက်ရှိကြောင်းဖော်ပြခြင်း

ဥရောပသမဂ္ဂစားသုံးသူရေးရာအဖွဲ့(BEUC)က ဥရောပသမဂ္ဂ(EU)ရှိ Meta ၏ လက်ရှိ ငွေပေးချေမှုနည်းလမ်းနှင့်သဘောတူညီချက်တို့သည် စားသုံးသူများနှင့်အချက်အလက်ကာကွယ်ရေးဥပဒေများကိုချိုးဖောက်နိုင်သဖြင့် သက်ဆိုင်ရာဥရောပသမဂ္ဂ(EU)အေဂျင်စီများအနေဖြင့် စားသုံးသူများကို ချက်ချင်း ကာကွယ်ရမည်ဟု ဖော်ပြခဲ့ပါသည်။

အဆိုပါဖော်ပြချက်တွင် Meta ၏ ဒေတာများစုဆောင်းရာတွင် စားသုံးသူများ၏လွတ်လပ်သော သဘောဆန္ဒပါဝင်ခြင်းမရှိဘဲ ရှုတ်ထွေးမှုကိုဖြစ်ပေါ်စေသည့်အတွက် အဆိုပါဒေတာစုဆောင်းမှုသည် သေချာမှုမရှိသည့်စည်းကမ်းချက်များအဖြစ် စွပ်စွဲခံရကြောင်း၊ ဥရောပသမဂ္ဂစားသုံးသူရေးရာအဖွဲ့က စားသုံးသူများသည်မျှတမှုမရှိသည့် ဝန်ဆောင်မှုပမာဏလျော့ချသွားစေနိုင်သည့် ဒေတာစုဆောင်းမှုကို ငြင်းဆိုထားကြောင်းဖော်ပြခဲ့ပါသည်။ ၂၀၂၄ ခုနှစ်အစောပိုင်းကာလတွင် တာဝန်ရှိသူများက များစွာသော တိုင်တန်းသူများ၏ဒေတာကာကွယ်မှုဆိုင်ရာ အရေးကြီးသောအားနည်းချက်များကို ဖြေရှင်းရန် ပျက်ကွက်နေသည့် Meta သည် ၎င်း၏နိုဝင်ဘာလပြင်ဆင်ချက်မှာ Digital Markets Act ကို ချိုးဖောက်သည့်မူဝါဒဖြစ်ကြောင်း ဥရောပသမဂ္ဂကော်မရှင်က ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် ဆုံးဖြတ်ခဲ့ပါသည်။

ဥရောပသမဂ္ဂစားသုံးသူရေးရာအဖွဲ့မှ Meta ၏ လက်ရှိပေါ်လစီနှင့်စားသုံးသူများအပေါ် အခွင့်အရေးချိုးဖောက်မှုများကို ချက်ချင်းစုံစမ်းစစ်ဆေးပေးရန် ဥရောပသမဂ္ဂတာဝန်ရှိသူများသို့ တောင်းဆိုခဲ့ကြောင်း၊ ဥရောပသမဂ္ဂစားသုံးသူရေးရာအဖွဲ့၏ညွှန်ကြားရေးမှူးချုပ် Agustín Reyna က " Meta ၏ တစ်နှစ်တာငွေပေးချေမှု သို့မဟုတ် သဘောတူညီချက်မူဝါဒတွင် ပြောင်းလဲမှုများကြောင့် ဥရောပ စားသုံးသူများက လက်မခံသင့်ကြောင်း” ဖော်ပြခဲ့ပါသည်။

Meta က စည်းကမ်းများကို ဥရောပနိုင်ငံများ၊ ဥရောပစီးပွားရေးဆိုင်ရာဒေသများနှင့် ဆွစ်ဇလန်နိုင်ငံတို့၏ Digital Markets Act နှင့် General Data Protection Regulation တို့နှင့်အညီ ပြောင်းလဲ

ပြင်ဆင်ပြီးဖြစ်၍ စားသုံးသူများအနေဖြင့် လွတ်လပ်စွာ အသုံးပြုနိုင်ကြောင်း သို့မဟုတ် ကုန်ကျစရိတ် လျှော့ချပေးခြင်းဖြင့် အခမဲ့အသုံးပြုခြင်းတို့ကို ရွေးချယ်ဆောင်ရွက်နိုင်ကြောင်း ဖော်ပြထားပါသည်။

ထို့ပြင် အသစ်ဖော်ပြသည့်ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် စိတ်ဝင်စားရာကြော်ငြာများသည် ကိုယ်ရေး အချက်အလက်အများအပြားဖော်ပြခြင်းအစား အသက်အရွယ်၊ တည်နေရာနှင့် ကျားမကဲ့သို့သော အချက်အလက်အနည်းငယ်ကိုသာအခြေခံ၍ ဖော်ပြခဲ့ပါသည်။ အဆိုပါပြောင်းလဲမှုများသည် ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်ညီညွတ်စေရန်ဆောင်ရွက်ထားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အထူးသဖြင့် အသေးစားလုပ်ငန်းများအတွက် စီးပွားရေးလုပ်ငန်းများနှင့် အသုံးပြုသူများ၏အကျိုးရလဒ်များရစေမည့် ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် စိတ်ဝင်စားရာကြော်ငြာများကို ဆက်လက်ဖော်ပြနိုင်ရန် ရည်ရွယ်ခြင်း ဖြစ်ကြောင်း Meta မှ ချေပခဲ့ပါသည်။

Digital Markets Act သည် မျှတမှုရှိပြီး ယှဉ်ပြိုင်မှုရှိသော ဒစ်ဂျစ်တယ်ဈေးကွက်များဖြစ်ရန် တာဝန်များ၊ တားမြစ်ချက်များကိုဆောင်ရွက်ခြင်း နှင့် စောင့်ကြည့်လေ့လာခြင်းအတွက် နည်းဥပဒေ များချမှတ်ထားခြင်းဖြစ်ပါသည်။ အလားတူပင် General Data Protection Regulation သည် ၂၀၁၈ ခုနှစ် မေလ ၂၅ ရက်နေ့တွင် စတင်အကျိုးသက်ရောက်ပြီး ဥရောပရှိ Data Privacy Law နှင့် လိုက်လျောညီထွေမှုရှိရာ အဖွဲ့ဝင်နိုင်ငံများတွင် ကိုယ်ရေးကိုယ်တာအချက်အလက်အကာအကွယ် ပေးမှုများညီညွတ်စေရန်ဖြစ်ကြောင်း ဖော်ပြထားသည်ကို သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် : https://www.jurist.org/news/2025/01/beuc-metas-revised-subscription-model-may-breach-eu-consumer-protection-laws/

## ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ မိုဘိုင်းဖုန်းသုံးစွဲသူ (၁)သန်းကျော်ထံသို့ AIS (Advanced Info Service) နည်းစနစ်ကို အသုံးပြုပြီး SMS စာတိုများပေးပို့၍ လိမ်လည်မှုကျူးလွန်ခဲ့သည့်တရုတ်လူမျိုးကို ဖမ်းဆီးရမိခြင်း

ထိုင်းဘုရင့်ရဲတပ်ဖွဲ့က နယ်စပ်ဒေသမှဝင်ရောက်လာသော တရုတ်လူမျိုးများအများဆုံးပါရှိသည့် အဖွဲ့အစည်းများသည် AIS နည်းစနစ်ကိုအသုံးပြု၍ ရေဒီယိုလိုင်းမှတစ်ဆင့် စာပို့၊ စာလက်ခံသည့် ကိရိယာကိုအသုံးပြုကာ ထိုင်းနိုင်ငံအတွင်း လိမ်လည်မှုများပြုခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့ပါသည်။

ထို AIS နည်းစနစ်သည် ထိုင်းနိုင်ငံတွင် မိုဘိုင်းဖုန်းသုံးစွဲသူများအကြား အကြီးဆုံးကွန်ရက် တစ်ခုဖြစ်ကြောင်း၊ ထိုအမှုကိစ္စနှင့်စပ်လျဉ်း၍ ထိုင်းဘုရင့်ရဲတပ်ဖွဲ့က တရုတ်လူမျိုး အသက် ၃၅ နှစ် အရွယ်ရှိ မစ္စတာယန်း(Mr. Yang)ဆိုသူကို ဖမ်းဆီးရမိခြင်းနှင့်အတူ စုံစမ်းစစ်ဆေးမှုများပြုလုပ်နိုင် ခဲ့ကြောင်း၊ မစ္စတာယန်းကို ရေဒီယိုလိုင်းမှတစ်ဆင့် စာပို့၊စာလက်ခံသည့်ကိရိယာတပ်ဆင်ထားသည့် မော်တော်ယာဉ်တစ်စီးအတွင်း၌ ဖမ်းဆီးရမိခဲ့ကြောင်း၊ ထိုသို့ဖမ်းဆီးရခြင်းမှာ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၁ရက်နေ့မှ ၁၃ရက်နေ့အတွင်း ဘန်ကောက်မြို့ရှိ မိုဘိုင်းဖုန်းအသုံးပြုသူများအကြား လိမ်လည်သည့် Message(၁)သန်းကျော်ကို AIS နည်းစနစ်ဖြင့် ပေးပို့ခြင်းကြောင့်ဖြစ်ကြောင်း၊ ထိုလိမ်လည်မှုဖြစ်စဉ် ကြောင့် ထိုင်းနိုင်ငံတွင် လွန်ခဲ့သောတစ်နှစ်က ဘတ်ငွေ ၁၉ ဘီလီယံကျော် ဆုံးရှုံးခဲ့ရကြောင်း၊ ထို Message များတွင် “မင်းရဲ့အမှတ် ၉၂၆၈ ဟာ သက်တမ်းကုန်တော့မယ်၊ မင်းရဲ့လက်ဆောင်ကို အခုဘဲတောင်းဆိုလိုက်ပါ”ဟုဖော်ပြပါရှိပြီး Message လက်ခံရရှိသူများကို ဆုငွေများရယူရန် Link များချပေး၍ ထို Link များမှတစ်ဆင့်ဝင်ရောက်ရန် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ Message အများဆုံး ပေးပို့ခံရသူများမှာ ဘန်ကောက်မြို့ရှိ Sukhumvit လမ်းအနီးတဝိုက်ရှိ မိုဘိုင်းဖုန်းသုံးစွဲသူများ ဖြစ်ကြောင်း၊ ထိုသို့လိမ်လည်မှုပြုသည့်အခါတွင် ထိုင်းနိုင်ငံအတွင်း တရားဝင်ဟုထင်ရသောကုမ္ပဏီ များမှတစ်ဆင့်မှတ်ပုံတင်ထားသော “02” ဖုန်းနံပါတ်များကိုအသုံးပြု၍ လိမ်လည်မှုများကို ကျူးလွန် ခြင်းဖြစ်ကြောင်း၊ ထိုလိမ်လည်မှုများနှင့်စပ်လျဉ်း၍ ထိုင်းဘုရင့်ရဲတပ်ဖွဲ့များအနေဖြင့် လိမ်လည်သည့် Message များလက်ခံရရှိပါကအကြောင်းကြားရန် ထိုင်းပြည်သူများကိုအသိပေးခဲ့ပြီး ထိုသို့အကြောင်းကြား

ပြီးပြီးချင်း ၁၀ မိနစ်အတွင်းဖုန်းဆက်သွယ်မှုကွန်ရက်များကိုဖြတ်တောက်နိုင်သည့် နည်းစနစ်အသစ်တစ်ခုကိုအသုံးပြုခဲ့ကြောင်း၊ ထိုနည်းစနစ်ဖြင့် လိမ်လည်မှုများကိုတားဆီးနိုင်ခဲ့ပြီး ထိုလိမ်လည်မှုနှင့် စပ်လျဉ်းသည့် တိုင်တန်းမှု ၇၃၀ သန်းကျော်ကိုလည်း လက်ခံဖြေရှင်းပေးနိုင်ခဲ့ကြောင်း ထိုင်းဘုရင့်ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.thaiexaminer.com/thai-news-foreigners/2024/11/20/scammer-in-a-car-with-a-base-station-using-ais-bangkok-transmitters-to-send-over-1-million-sms-texts/

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၉) ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်


**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

